Australian Government

ParentsNext

# သင့် ပါဝင်ဆောင်ရွက်ခြင်း အစီအစဉ် ကို အကျိုးအရှိဆုံးဖြစ်အောင် အသုံးပြုခြင်း



## သင့် ParentsNext ၏ အတိုင်ပင်ခံပုဂ္ဂိုလ်က သင် ပါဝင်ဆောင်ရွက်ခြင်း အစီအစဉ် (Participation Plan) ကို ရေးဆွဲရန် အကူအညီပေးပါလိမ့်မည်။

ထိုအစီအစဉ်က သင့်ပညာရေးနှင့် အလုပ်အကိုင်ဆိုင်ရာ ရည်မှန်းချက်များကိုဖော်ထုတ်ပြီး သင့်အငယ်ဆုံးကလေး ကျောင်းစမတက်မီ အလုပ်အကိုင်အတွက် ပြင်ဆင်ခြင်း အဆင့်များကို တက်လှမ်းနိုင်အောင် ကူညီပံ့ပိုးသည်။

ထိုအစီအစဉ်တွင် ပါဝင်သည်များမှာ -

- သင့်ပညာသင်ကြားရေးနှင့် အလုပ်အကိုင်ဆိုင်ရာ ရည်မှန်းချက်များ
- သင် သဘောတူထားသည့် လုပ်ဆောင်မှုများ၊ သတင်းပို့ခြင်းဆိုင်ရာ လိုအပ်ချက်များနှင့် ရက်ချိန်းများ တို့ဖြစ်ကြသည်။

**သင်နှင့် သင့်မိသားစု၏လိုအပ်ချက်များနှင့် ကိုက်ညီအောင်** လုပ်ဆောင်မှုများကို ဖန်တီးထားမည်။ ၎င်းတို့တွင် ပါဝင်ကောင်း ပါဝင်နိုင်သည်များမှာ -

- ပညာရည်မှတ်တမ်းအကျဉ်း ရေးသားခြင်း၊ လူတွေ့မေးမြန်းခြင်းအတွက် လေ့ကျင့်မှု သို့မဟုတ် လိုင်စင်ရအောင် လုပ်ခြင်းကဲ့သို့သော **အလုပ်အကိုင်အတွက် အဆင်သင့်ဖြစ်စေသည့် ကျွမ်းကျင်မှုများတည်ဆောက်ခြင်း တို့ဖြစ်ကြသည်။**
- **လုပ်ငန်း အတွေ့အကြုံ** သို့မဟုတ် **စေတနာ့ဝန်ထမ်းလုပ်ခြင်း**
- **လေ့ကျင့်ရေး သင်တန်းများ၊ TAFE သို့မဟုတ် တက္ကသိုလ်**
- ဒေသအတွင်းမှ ဝန်ဆောင်မှုများကို အသုံးပြုနိုင်ရန် **ကူညီပံ့ပိုးမှု ရယူခြင်း**

အကယ်၍ သင် ပညာသင်နေလျှင်၊ အလုပ်လုပ်နေလျှင် သို့မဟုတ် စေတနာ့ဝန်ထမ်း အလုပ်လုပ်နေလျှင် ၎င်းတို့ကို သင့် အစီအစဉ်ထဲတွင် လုပ်ဆောင်မှုများအဖြစ် ထည့်သွင်းမည် ဖြစ်သည်။ - **သင် နောက်ထပ်အပို လုပ်ဆောင်မှုများ ပြုလုပ်ရန် မလိုအပ်ပါ။**

အကယ်၍ သင် လုပ်ဆောင်မှုများနှင့်သက်ဆိုင်သည့် ကိစ္စများအတွက် ငွေကြေးပံ့ပိုးမှု လိုအပ်ပါက သင့်အနေနှင့် ပါဝင်ဆောင်ရွက်ခြင်းဆိုင်ရာ ရန်ပုံငွေ (Participation Fund) ထဲမှ ထောက်ပံ့ငွေ ရခွင့်ရှိမရှိ သင့်ဝန်ဆောင်မှုပေးသူကို မေးမြန်းပါ။

### သင့် ပါဝင်ဆောင်ရွက်ခြင်း အစီအစဉ်ကို သင် ထိန်းချုပ်သည်

- သင့် ParentsNext အတိုင်ပင်ခံပုဂ္ဂိုလ်နှင့် အစီအစဉ်အသစ် ပြုလုပ်သည့်အခါ သင်လက်မှတ်မထိုးမီ စဉ်းစားရန် အလုပ်ဖွင့်ရက် 10 ရက် အချိန်ရသည်။
- အကယ်၍ သင့် လုပ်ဆောင်မှုသည် သင်နှင့်မကိုက်ညီပါက လုပ်ဆောင်မှု ပြောင်းလဲရန် သင့် အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်ဆွေးနွေးပါ။
- သင့်အခြေအနေများ ပြောင်းလဲကာ သင့် အစီအစဉ်ကို လုပ်ဆောင်ခြင်းအား ထိခိုက်မည်ဆိုပါက (ဥပမာ၊ သင့်မှာ သွားလာရန် ယာဉ်မရှိလျှင် သို့မဟုတ် သွားလာခြင်း မပြုနိုင်လျှင်) သင့် အတိုင်ပင်ခံပုဂ္ဂိုလ်အား အသိပေးပါ။

ပိုမိုသိလိုပါက dese.gov.au/parentsnext တွင် ကြည့်ပါ။